


# အခွင့်အလမ်း၊ အခွင့်အရေးနှင့် သာတူညီမျှမှု အားပေးမြှင့်တင်ခြင်း (FARE) ထောက်ပံ့ရေး အစီအစဉ်

## FARE ထောက်ပံ့ရေး အစီအစဉ် ဆိုသည်မှာ အဘယ်နည်း။

နယူးယောက်ပြည်နယ် အလုပ်သမားဦးစီးဌာန (NYS DOL) သည် အမျိုးသမီးများ အတွက် အလုပ်အကိုင် အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များကို အဓိကထားသော ကမ်းလင့်ထောက်ကူမှုနှင့် ဟောပြောပွဲများ ပြုလုပ်နိုင်စေရန်အလို့ငှာ အမေရိကန်ပြည်ထောင်စု အလုပ်သမားဦးစီးဌာန၏ အမျိုးသမီးရေးရာအဖွဲ့ထံမှ ထောက်ပံ့ငွေကို လက်ခံရရှိခဲ့ပါသည်။ အထူးသဖြင့် နယူးယောက်မြို့တော်ပြင်ပရှိ ကျေးလက်ဒေသများတွင် နေထိုင်သည့် အဖယ်ကြဉ်ခံထားရသော၊ ကိုယ်စားပြုမှုနည်းပါးသော အမျိုးသမီးများကို ကမ်းလင့်ထောက်ကူပေးရန်အတွက် ကျွန်ုပ်တို့သည် လူကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ ဟောပြောပွဲများနှင့် အစီအစဉ်များမှတစ်ဆင့် ၎င်းတို့အား ဆက်သွယ်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ပြည်နယ်တစ်ဝန်းရှိ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အသိပညာနှင့် ဗဟုသုတများ ဖြန့်ဝေပေးခြင်းဖြင့် အမျိုးသမီးများအား ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းတွင်း အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များ အဓိကထား ပေးအပ်ရေးအတွက် ကူညီပေးရန် ဖြစ်သည်။

## ဟောပြောပွဲတစ်ခုကို ကျွန်ုပ် မည်သို့ တောင်းဆိုရမည်နည်း။

**info.nysdol@labor.ny.gov** သို့ အီးမေးလ်ပို့၍ NYSDOL ကို ဆက်သွယ်ပါ သို့မဟုတ် **888-4-NYSDOL (888-469-7365)** ကို ဖုန်းခေါ် ဆိုပါ။

## အဓိက အကြောင်းအရာများ

### အနိမ့်ဆုံး လုပ်အားခ

နယူးယောက်ပြည်နယ် (NYS) အလုပ်သမားအားလုံးသည် အနိမ့်ဆုံး တစ်နာရီ လုပ်အားခနှုန်းထားကို မည်သည့်နည်းနှင့်မဆို ခံစားပိုင်ခွင့်ရှိပါသည်။

| တည်နေရာ | *1/1/2024 မှစ၍* အနိမ့်ဆုံး လုပ်အားခ | |
|---|---|---|
| New York မြို့တော်၊ Long Island နှင့် Westchester ကောင်တီ | တစ်နာရီလျှင် $16,00 | တစ်နာရီလျှင် $18,55 အိမ်အရောက် ကျန်းမာရေး စောင့်ရှောက်မှု အကူဝန်ထမ်းများ |
| နယူးယောက်ပြည်နယ်၏ ကျန်ဒေသများ | တစ်နာရီလျှင် $15,00 | တစ်နာရီလျှင် $17,55 အိမ်အရောက် ကျန်းမာရေး စောင့်ရှောက်မှု အကူဝန်ထမ်းများ |

### ဘောက်ဆူးရ အလုပ်သမားများအတွက် အနိမ့်ဆုံး လုပ်အားခ

လုပ်ငန်းအများစုရှိ အလုပ်ရှင်များသည် အလုပ်ရှင်မှပေးသည့်လုပ်အားခနှင့် ဖောက်သည်များထံမှ ဝန်ထမ်းရရှိသော ဘောက်ဆူးများကို ပေါင်းပြီး အနိမ့်ဆုံးလုပ်အားခကို ပေးအပ်ရမည်ဟု NYS ဥပဒေအရ သတ်မှတ်ပြဌာန်းထားပါသည်။ ဧည့်ဝတ်ပြုခြင်းလုပ်ငန်းတွင်သာလျှင် အနိမ့်ဆုံးလုပ်အားခထဲမှ ဘောက်ဆူးခရက်ဒစ်များကို နုတ်ယူရန် အလုပ်ရှင်များကို ခွင့်ပြုထားပါသည်။ ဘောက်ဆူးတစ်ခုတည်းသာပေးသော အလုပ်များကို ကန့်သတ်တားမြစ်ပါသည်။

| တည်နေရာ | *1/1/2024 မှစ၍* ဝန်ဆောင်မှု ဝန်ထမ်းများ | *1/1/2024 မှစ၍* အစားအသောက် ဝန်ဆောင်မှု အလုပ်သမားများ |
|---|---|---|
| New York မြို့တော်၊ Long Island နှင့် Westchester ကောင်တီ | လုပ်အားခ $13,35 ဘောက်ဆူးခရက်ဒစ် $2,65 | လုပ်အားခ $10,65 ဘောက်ဆူးခရက်ဒစ် $5,35 |
| နယူးယောက်ပြည်နယ်၏ ကျန်ဒေသများ | လုပ်အားခ $12,50 ဘောက်ဆူးခရက်ဒစ် $2,50 | $10,00 လုပ်အားခ ဘောက်ဆူးခရက်ဒစ် $5,00 |

### အချိန်ပို

အလုပ်သမားအများစုသည် အလုပ်လုပ်သည့်တစ်ပတ်တာအတွင်း နာရီ 40 ကြာလုပ်ကိုင်ပြီး နောက်ပိုင်းအချိန်များအတွက် အချိန်ပိုကြေးကို ရရှိရမည်။ အချိန်ပိုကြေးသည် သင့်ပုံမှန်လုပ်အားခထက် တစ်ဆခွဲပိုများပါသည်။ အလုပ်ရှင်များသည် ဘောက်ဆူးရအလုပ်သမားများအား အချိန်ပိုကြေးပေးသောအခါ ၎င်းတို့လုပ်ကိုင်ခဲ့သော အချိန်ပိုနာရီများအတွက် တစ်ဆခွဲပိုများသော အနိမ့်ဆုံးလုပ်အားခနှုန်းထားထဲမှ သက်ဆိုင်ရာ ဘောက်ဆူးခရက်ဒစ်ကို လျှော့ပြီး ပေးချေရပါမည်။ စိုက်ပျိုးရေးအလုပ်သမားများသည် အလုပ်လုပ်သည့်တစ်ပတ်တာအတွင်း 56 နာရီကြာလုပ်ကိုင်ပြီး နောက်ပိုင်းအချိန်များအတွက်နှင့် သတ်မှတ်ထားသော နားရက်တွင် အလုပ်လုပ်သော အချိန်နာရီမှန်သမျှအတွက် အချိန်ပိုကြေးကို ဖလာလောဆယ် ရရှိပါသည်။

### မှားယွင်းခွဲခြားသတ်မှတ်မှု- အလုပ်သမားလား၊ သီးခြားကန်ထရိုက်တာလား။

အလုပ်သမားတစ်ဦးအား ဝန်ထမ်းအဖြစ် သို့မဟုတ် သီးခြားကန်ထရိုက်တာအဖြစ် ဆုံးဖြတ်သတ်မှတ်ရာတွင် အလုပ်ရှင်နှင့်အလုပ်သမား ဆက်ဆံရေး၏ သဘောသဘာဝကို ထည့်သွင်းစဉ်းစားရမည်။ သီးခြားကန်ထရိုက်တာများသည် ၎င်းတို့ကိုယ်တိုင်အတွက် စီးပွားရေးလုပ်ဆောင်ပြီး ၎င်းတို့၏ဝန်ဆောင်မှုများကို အများပြည်သူထံ ပံ့ပိုးပေးပါသည်။

သီးခြားကန်ထရိုက်တာသည် ၎င်းတို့၏အလုပ်ကို အောက်ပါတို့မှ ကင်းလွတ်လျက် ဆောင်ရွက်ပါသည်-

- ကြီးကြပ်မှု
- လမ်းညွှန်မှု
- ထိန်းချုပ်မှု

အပြန်အလှန်အားဖြင့် အလုပ်ရှင်က အောက်ပါတို့ကို လုပ်ဆောင်လျှင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး တည်ရှိနိုင်သည်-

- အလုပ်ရှင်က အလုပ်သမား ဝန်ဆောင်မှုပေးရမည့်အချိန်၊ နေရာနှင့် နည်းလမ်းကို ရွေးချယ်ဆုံးဖြတ်လျှင်
- အလုပ်ရှင်က အဆောက်အအုံများ၊ စက်ကိရိယာများ၊ ကိရိယာများနှင့် ထောက်ပံ့မှုပစ္စည်းများကို ပံ့ပိုးပေးလျှင်
- အလုပ်ရှင်က လုပ်ငန်းကို တိုက်ရိုက် ကြီးကြပ်လျှင်
- အလုပ်ရှင်က အလုပ်ချိန်နှင့် လစာနှုန်းထား စသည်တို့ကို သတ်မှတ်ပေးလျှင်

ဤနေရာတွင် ပိုမိုလေ့လာပါ- **dol.ny.gov/independent-contractors**

အလုပ်ရှင်က အလုပ်သမားတစ်ဦးအား သီးခြားကန်ထရိုက်တာအဖြစ် တမင်မှားယွင်းသတ်မှတ်သည့်အခါ ၎င်းသည် လိမ်လည်မှုဖြစ်သည်။ အလုပ်လက်မဲ့အာမခံ၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေး၊ ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းခြင်းနှင့် အနိမ့်ဆုံးလုပ်အားခ သတ်မှတ်ချက်များကို လိုက်နာရခြင်းမှ ရှောင်လွှဲနိုင်ရန် အချို့သော အလုပ်ရှင်များသည် ဤနည်းဗျူဟာကို အသုံးပြုကြသည်။ **dol.ny.gov/report-fraud** တွင် အွန်လိုင်းမှတစ်ဆင့် NYS DOL ထံသို့ လိမ်လည်မှုအကြောင်းကို တိုင်ကြားပါ သို့မဟုတ် လိမ်လည်မှု တိုင်ကြားရေး 24 နာရီ အရေးပေါ် ဖုန်းလိုင်း- **866-435-1499** သို့ ခေါ် ဆိုပါ။

# NYS ရှိ အမျိုးသမီးအလုပ်သမားတစ်ဦးအနေဖြင့် သင့်အခွင့်အရေးများကို သိရှိပါစေ

## လစာ ပွင့်လင်းမြင်သာမှု ဥပဒေ

စက်တင်ဘာလ 17 ရက်၊ 2023 ခုနှစ်မှစ၍ ဝန်ထမ်း လေး (4) ဦးနှင့် အထက်ရှိသော NYS အလုပ်ရှင်များသည် နယူးယောက်ပြည်နယ်တွင် လုပ်ဆောင်ရမည့် အလုပ်အားလုံးအတွက် ၎င်းတို့၏ အလုပ်ကြော်ငြာစာများတွင် လစာနှုန်းထား သို့မဟုတ် လစာအပိုင်းအခြားကို မည်သည့်နည်းနှင့်မဆို တစ်စိတ်တစ်ပိုင်း ထည့်သွင်းဖော်ပြပေးရမည်။ အလုပ်ကြော်ငြာစာတင်ချိန်တွင် ပေးသင့်ပေးထိုက်သည်ဟု အလုပ်ရှင်က သဘောရိုးဖြင့် ယူဆထားသော လစာနှုန်းထား သို့မဟုတ် လစာအပိုင်းအခြားကို အလုပ်ကြော်ငြာစာထဲတွင် ထည့်၍ကြေညာရမည်ဖြစ်ပြီး အလုပ်လျှောက်ထားနိုင်သူအား ၎င်း၏ ဥပဒေနှင့်လျော်ညီသော မျှော်မှန်းလစာကို ဖော်ပြခွင့်ပေးသင့်ပါသည်။

## ယခင်လစာမှတ်တမ်း မေးမြန်းမှု တားမြစ်ရေးဥပဒေ

ဇန်နဝါရီလ 6 ရက်၊ 2020 ခုနှစ်မှစ၍ NYS အလုပ်ရှင်များသည် အလုပ်လျှောက်ထားသူများအား ၎င်းတို့၏ ယခင်လစာနှင့် အကျိုးခံစားခွင့်မှတ်တမ်းအကြောင်း မေးမြန်း၍ မရနိုင်သည့်အပြင် လျှောက်ထားသူတစ်ယောက်ကို အင်တာဗျူးလုပ်မည်၊ မလုပ်မည် သို့မဟုတ် အလုပ်ကမ်းလှမ်းမည်၊ မကမ်းလှမ်းမည်ကို ဆုံးဖြတ်ရာတွင် ဤအချက်အလက်များကို အကြောင်းရင်းတစ်ခုအဖြစ် အသုံးမပြုရပါ။ မျှော်မှန်းလစာများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ပြီး လူတိုင်းသည် ညှိနှိုင်းဆွေးနွေးမှု ရည်ရွယ်ချက်များအတွက် မိမိတို့၏ ယခင်လစာမှတ်တမ်းကို ထုတ်ဖော်ပြောရန် ရွေးချယ်နိုင်ပါသည်။

## လုပ်ခလစာ အသိပေးချက်များ

သင့်အား အလုပ်ခန့်ထားသောအခါတွင် သင့်အလုပ်ရှင်သည် သင့်အား အရေးကြီးသော အချက်အလက်များပါရှိသည့် လုပ်ခလစာ အသိပေးချက်တစ်ခု ပေးရပါမည်၊ ဥပမာ-

- မည်မျှပေးချေမည်နှင့် ပေးချေမည့်အကြိမ်ရေ
- ပုံမှန် လစာထုတ်ရက်နှင့်
- သင့်လစာမှ နုတ်ယူခြင်းမှန်သမျှ

## သာတူညီမျှ ပေးချေမှု

တူညီသောအလုပ်ကို လုပ်ရသော်ငြားလည်း ကျား/မ မတူကွဲပြားသည့် အချက်တစ်ခုတည်းကြောင့် အလုပ်ရှင်က အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးထက်နည်းသော လစာပေးခြင်းသည် ဥပဒေနှင့်မညီပါ။ လစာကွာခြားချက်သည် ကျား/မကွဲပြားမှုမှလွဲ၍ အခြားသော ပညာရေး သို့မဟုတ် အတွေ့အကြုံကဲ့သို့ လုပ်သက်၊ အရည်အချင်း သို့မဟုတ် ရိုးသားဖြောင့်မတ်မှု အချက်များပေါ် အခြေခံနိုင်သည်။

## လစာပြေစာများနှင့် နုတ်ယူမှုများ

အလုပ်ချိန်အားလုံးအတွက် သင့်ကို လစာပေးရမည်။ ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ ပေးချေနိုင်သော်လည်း ငွေပေးချေသည့်အခါတိုင်းတွင် သင့်အား အသေးစိတ် လစာဖြတ်ပိုင်းကို ပေးရပါမည်။

ကျိုးပဲ့ခြင်း၊ ပစ္စည်းပုပ်သိုးခြင်း၊ ပျက်စီးခြင်း၊ ယူနီဖောင်း ကုန်ကျစရိတ်များနှင့် ပြုပြင်ထိန်းသိမ်းမှု၊ အလုပ်ရှင်၏ လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များ သို့မဟုတ် ငွေသား ပြတ်လပ်မှုတို့အတွက် အလုပ်ရှင်က သင့်အား ငွေတောင်းခံ၍မရနိုင်ပါ။

## ဘာသာစကား လက်လှမ်းမီမှု

အများပြည်သူအား တိုက်ရိုက်ဝန်ဆောင်မှုပေးသည့် NYS ဌာနများသည် အရေးကြီးသောပုံစံများနှင့်ညွှန်ကြားချက်များအတွက် ပြည်သူလူထုအား စကားပြန်ပေးခြင်းနှင့် ဘာသာပြန်ပေးခြင်း ဝန်ဆောင်မှုများကို အခမဲ့ပေးအပ်ရန် လိုအပ်ပါသည်။ စကားပြန်ဝန်ဆောင်မှုများကို လက်ဟန်သင်္ကေတပြ ဘာသာစကားအပါအဝင် ဘာသာစကားပေါင်း 200 ကျော်ဖြင့် ဆောင်ရွက်ပေးပါသည်။ NYS DOL တွင် စာဖြင့်ရေးထားသော အရေးကြီးစာရွက်စာတမ်းများကို ပြည်နယ်၏ အသုံးအများဆုံး ဘာသာစကား 16 မျိုးဖြင့် ဘာသာပြန်ဆိုထားပါသည်။

## လုပ်ငန်းခွင်တွင်း မိခင်နို့ရည်ညှစ်၍ သိမ်းဆည်းခွင့်ပြုခြင်း

ကလေးမွေးဖွားပြီး သုံး (3) နှစ်အထိ မိခင်နို့တိုက်သော မိခင်များသည် လုပ်ငန်းခွင်တွင် မိခင်နို့ရည်ညှစ်ယူရန်အတွက် သင့်တော်သော လစာမဲ့ အနားယူချိန် ယူပိုင်ခွင့်ရှိသည် သို့မဟုတ် လစာရ အနားယူချိန် သို့မဟုတ် ထမင်းစားချိန်ကို နေ့စဉ် အသုံးပြုခွင့်ရှိသည်။ NYS အလုပ်ရှင်အားလုံးသည် ထိုင်ခုံ၊ စားပွဲ သို့မဟုတ် အခြားသော ညီညာပြန့်ပြူးသည့် မျက်နှာပြင်တစ်ခု၊ မီးချောင်း၊ လျှပ်စစ်ပလတ်ပေါက် (လုပ်ငန်းခွင်ကို လျှပ်စစ်မီး ထောက်ပံ့ပေးထားပါက) တို့ ပါဝင်ပြီး အနီးအနားတွင် သန့်ရှင်းသောဘုံပိုင်ခေါင်းမှရေကို ရယူသုံးစွဲနိုင်သည့် သီးသန့် မိခင်နို့ရည်ညှစ်ရန် နေရာတစ်ခုကို ဝန်ထမ်း၏ အလုပ်လုပ်ရာနေရာအနီးတွင် စီစဉ်ပေးထားရန် လိုအပ်ပါသည်။ စီစဉ်ပေးထားသော နေရာသည် ရေချိုးခန်းမဖြစ်ရပါ။

## လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ

NYS ရှိ အလုပ်ရှင်အားလုံးသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ကင်းစင်သော လုပ်ငန်းခွင်တစ်ခုကို ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။ အလုပ်ရှင်များသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု တားဆီးရေး မူဝါဒတစ်ရပ်ကို သတ်မှတ်ထားရှိပြီး ယင်းမူဝါဒမိတ္တူကို ဝန်ထမ်းအားလုံးထံ ပေးထားရမည့်အပြင် ယင်းနှင့်ပတ်သက်၍ နှစ်စဉ်သင်တန်းပေးရမည်ဟု ဥပဒေအရ သတ်မှတ်ထားပါသည်။

## NYS ၏ လစာရ ဖျားနာခွင့်နှင့် ဘေးကင်းရေးခွင့်

NYS ရှိ ပုဂ္ဂလိကကဏ္ဍအလုပ်သမားများသည် လစာရ ဖျားနာခွင့်နှင့် ဘေးကင်းရေးခွင့် ဥပဒေအောက်တွင် အကျုံးဝင်ပါသည်။ အနည်းဆုံးအနေဖြင့် ဝန်ထမ်းများသည် အလုပ်ချိန်နာရီ 30 တိုင်းအတွက် လစာရ ဖျားနာမှုနှင့် ဘေးကင်းရေးခွင့် တစ် (1) နာရီကို ရရှိပါသည်။ ခွင့်ရက်အတွက် လစာပေးမည်၊ မပေးမည်မှာ အလုပ်ရှင်၏ ဝန်ထမ်းဦးရေပမာဏပေါ်တွင် မူတည်သည်။

## အလုပ်လက်မဲ့အာမခံ

အကယ်၍ သင်သည် NYS တွင်အလုပ်လုပ်ပြီး သင့်ကိုယ်ပိုင်အပြစ်မရှိဘဲ အလုပ်ပြုတ်သွားပါက အလုပ်လက်မဲ့အာမခံအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။ တောင်းဆိုချက်တစ်ခုကို ပြုလုပ်ရန် သင့်တွင် လုံလောက်သော ဝင်ငွေရှိရမည်၊ အလုပ်လုပ်ရန် အဆင်သင့်ရှိ၍ စေတနာထားပြီး လုပ်ဆောင်နိုင်ရမည်၊ တက်တက်ကြွကြွ အလုပ်ရှာဖွေနေရမည်၊ သင်၏ အလုပ်ရှာဖွေရေး အားထုတ်မှုများကို မှတ်တမ်းပြုစုရပါမည်။ **dol.ny.gov** တွင် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားပါ သို့မဟုတ် **888-209-8124** သို့ ဖုန်းခေါ် ဆိုပါ။

## မည်ကဲ့သို့ တိုင်ကြားချက်တင်သွင်းရမည်နည်း။

အလုပ်သမားစံနှုန်းများဆိုင်ရာဌာနခွဲသည် NYS အလုပ်သမား ဥပဒေအပေါ် ချိုးဖောက်မှုများကို ကူညီဖြေရှင်းပေးပါသည်။ အလုပ်သမားဥပဒေ ချိုးဖောက်နိုင်ခြေရှိကြောင်း တိုင်ကြားသည့်အတွက် သို့မဟုတ် NYS အလုပ်သမားဥပဒေအရ ကာကွယ်ထားသည့် အခွင့်အရေးများကို ကျင့်သုံးခြင်းအတွက် အလုပ်ရှင်က အလုပ်သမားတစ်ဦးအား အလုပ်မှထုတ်ပယ်ခြင်း၊ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် မည်သည့်နည်းနှင့်မဆို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းတို့သည် ဥပဒေနှင့်မညီပါ။

တိုင်ကြားချက် တင်သွင်းရန် **LS223** ဖောင်ပုံစံကို ပေးပို့ပါ။ နောက်ထပ်အချက်အလက်များကို သိရှိရန် အလုပ်သမားစံနှုန်းများဆိုင်ရာဌာနသို့ ဆက်သွယ်ပါ- **888-52-LABOR (888-525-2267)** သို့မဟုတ် **LSAsk@labor.ny.gov** ။

နောက်ထပ်အချက်အလက်များကို သိရှိရန် **dol.ny.gov/fostering-access-rights-and-equity-fare-grant** တွင် ဝင်ရောက်ကြည့်ရှုပါ

နယူးယောက် ပြည်နယ် အလုပ်သမားဦးစီးဌာနသည် တန်းတူအခွင့်အရေးပေးသည့် အလုပ်ရှင်/အစီအစဉ် ဖြစ်သည်။
မသန်စွမ်းသူများအတွက် အထောက်အကူပြု အကူအညီများနှင့် ဝန်ဆောင်မှုများကို TTY/TDD 711 သို့မဟုတ် 1-800-662-1220 (အင်္ဂလိပ်ဘာသာစကား) / 1-877-662-4886 သို့ ဆက်သွယ်တောင်းဆိုပြီး အခမဲ့ရယူနိုင်ပါသည်။
FARE ထောက်ပံ့ရေး ပရိုဂရမ်ကို ၎င်း၏ ဘတ်ဂျတ် 100% နှင့် ညီမျှသော ဖက်ဒရယ်အစိုးရ ထောက်ပံ့ငွေ $350.000 ဖြင့် ငွေကြေးပံ့ပိုးပေးထားသည်။ 0% သို့မဟုတ် $0 ကို ပြည်နယ် သို့မဟုတ် အစိုးရမဟုတ်သော အရင်းအမြစ်များက ထောက်ပံ့ပေးသည်။